E-book is created by www.ShanYoMa.org

ရှမ်းပြည်နယ်လုံးဆိုင်ရာ တ·စ·ည·ဖ· တောင်သူလယ်သမားအစည်းအရုံး

တောင်ကြီးမြို့

# ရှမ်းပြည်နယ်လုံးဆိုင်ရာ

## တောင်တန်းသား စည်းလုံးညီညွတ်ရေးဌာနချုပ်

# တောင်သူလယ်သမားအစည်းအရုံး

## ဗဟိုစည်းရုံးရေးကော်မီတီ၏

# စည်းမျဉ်းဥပဒေ။

## နိဒါန်း

ရှမ်းပြည်အတွင်းရှိအများစုဖြစ်သော တောင်သူလယ်သမားနှင့်ခြံယာသမားအပေါင်းတို့၏ တိုးတက်ရာတိုးတက်ကြောင်းနှင့် ၎င်းတို့၏ အခွင့်အရေးများကို စောင့်ရှောက်ကာကွယ်လိုသောဆန္ဒဖြင့် ရှမ်းပြည်နယ်လုံးဆိုင်ရာ တ–စ–ည–ဖ ဌာနချုပ်ကြီး၏ စည်းရုံးရေး ကော်မီတီက ရှမ်းပြည်တောင်သူလယ်သမား အစည်းအရုံး၏ စည်းမျဉ်းဥပဒေကို ပြဋ္ဌာန်း အတည်ပြုခဲ့ပေသည်။

အတည်ပြုပြီးသော စည်းမျဉ်းဥပဒေသည် လာမည့်ရှမ်းပြည်နယ်လုံးဆိုင်ရာ တ–စ–ည–ဖအထွေထွေညီလာခံတွင်၎င်း၊ သို့မဟုတ် (ရှမ်းပြည်) တောင်သူလယ်သမားညီလာခံတွင်၎င်း၊ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ပြောင်းလဲပြင်ဆင်နိုင်ပါကြောင်း။

ကော်မီတီလူကြီးများ။
ရှမ်းပြည်နယ်လုံးဆိုင်ရာ။
တောင်တန်းသား စည်းလုံးညီညွတ်ရေး
ဌာနချုပ်။
စည်းရုံးရေးကော်မီတီ။
တောင်ကြီးမြို့။

E-book is created by www.ShanYoMa.org

E-book is created by www.ShanYoMa.org

ရှမ်းပြည်နယ်လုံးဆိုင်ရာ တ–စ–ည–ဖ၊ ဌာနချုပ်

## တောင်သူလယ်သမားအစည်းအရုံး

ဗဟိုစည်းရုံးရေးကော်မီတီ၏

စည်းမျဉ်းဥပဒေ။

ရည်ရွယ်ချက်နှင့်ရည်မှန်းချက်များ။

၁။ ရှမ်းပြည်နယ်တွင်းရှိ ခြံယာလယ်သမား၊ မြေဖြင့်အသက်မွေးသူလူတန်းစားများ၏ တိုးတက်ရေးကို ဆောင်ရွက်ရန်။

၂။ ရှမ်းပြည်နယ်တွင်းရှိ တောင်သူလယ်သမား လူတန်းစားတို့၏ ရသင့်ရထိုက်သော လူတန်းစေ့အခွင့်အရေးတို့ကို စုပေါင်းဖန်တည်းရန်။

၃။ ရှမ်းပြည်နယ်တွင်းရှိ လယ်ယာမြေစံနစ်နှင့်ပတ်သက်၍ အခွန်တော်များ၊ သီးစားခများတတန်းတစားတည်း တပြေးညီစွာ ရှိပြီး တရားမျှတသော အခွန်တော်၊ သီးစားခနှုန်းများ ထားရှိအောင် စုပေါင်းဆောင်ရွက်ရန်။

၄။ ရှမ်းပြည်နယ်တွင်းရှိ စိုက်ပျိုးထွန်ယက်လုပ်ကိုင်သည့်လုပ်ငန်းဟူသမျှ ဖက်စပ်ကူညီလုပ်ကိုင်သည့်စံနစ်သော်၎င်း၊ စုပေါင်းလုပ်ကိုင်သည့်နည်းစံနစ်သော်၎င်း လုပ်ကိုင်ဖန်တည်းရန်။

### အခဏ်း။ ၁။

အခြေပြဓါတ်ယ်ဖေါ်ပြချက်။

အမည်၊ အလံ၊ အမှတ်အသားနှင့်တည်ရာဌာန။

၁။ အမည်။ ။ရှမ်းပြည်နယ်လုံးဆိုင်ရာ တ စ ည ဖ တောင်သူလယ်သမားအစည်းအရုံး ဟူ၍ ၎င်းအတိုနည်းအားဖြင့် တ စ ည ဖ၊ ရ တ လ စ ဟူ၍၎င်း ခေါ်တွင်စေရမည်။

၂။ အလံတော်နှင့် ၃။ အမှတ်အသား။ ။အလံမှာ နောက်ခံအစိမ်း စပါးပင်–၂ ဘက်ခြံရံ၍ အလယ်တွင် ကြယ်နှင့်အောက်တွင် တဇင်နှင့်ပေါက်ပြား အရိုးတပ်လျက် ရှိစေရမည်။

၄။ တည်ရာဌာန။ ။ဌာနချုပ်ရုံး၏ တည်ရာဌာနမှာ သာမန်အားဖြင့် တောင်ကြီးမြို့တွင် ဖြစ်စေရမည်။

## အခန်း။ ၂။
## အဓိပ္ပါယ်ဖေါ်ပြချက်နှင့်အသက်ကန့်သတ်ချက်။

၅။ တောင်သူလယ်သမားဆိုသည်မှာ လယ်မြေတို့ကို ထွန်ယက်စိုက်ပျိုးလုပ်ကိုင်သည့်ယောကျ်ား မိန်းမ လူတန်းစားဟူသရွေ့ကို ခေါ်သည်။
၆။ အသက်အားဖြင့် ၁၈ နှစ်ရှိသူ တောင်သူလယ်သမားလုပ်သားယောကျ်ား၊ မိန်းမတိုင်း အစည်းအရုံးတွင် ပါဝင်ခွင့်ရှိသည်။

## အခန်း။ ၃။
## ဖွဲ့စည်းအုပ်ချုပ်ပုံ
### ကျေးရွာ။

၇။ သူကြီးတပိုင် ကျေးရွာနယ်မြေတခုလျှင် သာမန်အားဖြင့် ကျေးရွာအစည်းအရုံးတခုဖွဲ့စည်းရမည်။ ရွာကြီးတရွာထက်ပိုမိုပါဝင်သော ကျေးရွာနယ်များတွင် သက်ဆိုင်ရာမြို့နယ်၊ အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် အစည်းအရုံးတခုထက် ပိုမိုဖွဲ့စည်းနိုင်သည်။
၈။ မြို့မမြေအတွင်းနေ တောင်သူလယ်သမားလုပ်သားများသည် ရပ်ကွက်တောင်သူလယ်သမားအစည်းအရုံးများ ဖွဲ့စည်းနိုင်သည်။
၉။ မြို့တမြို့လျှင် ရပ်ကွက် တောင်သူလယ်သမား အစည်းအရုံး မည်မျှရှိသင့်သည်ကို မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ရမည်။
၁၀။ ကျေးရွာရပ်ကွက် တောင်သူလယ်သမားအစည်းအရုံးတခုလျှင် အစည်းအရုံးဝင် အနည်းဆုံး (၂၀) ရှိရမည်။
၁၁။ ကျေးရွာရပ်ကွက် အစည်းအရုံးညီလာခံသည် ကျေးရွာရပ်ကွက် အစည်းအရုံး၏ အာဏာပိုင်အဖွဲ့ဖြစ်သည်။
၁၂။ ကျေးရွာရပ်ကွက်အလုပ်အမှုဆောင်အဖွဲ့သည် ညီလာခံတခုနှင့်တခုစပ်ကြား အာဏာပိုင်အဖွဲ့ဖြစ်သည်။
၁၃။ ကျေးရွာရပ်ကွက် အလုပ်အမှုဆောင်များနှင့်မြို့နယ်ကိုယ်စားလှယ်များကို ကျေးရွာရပ်ကွက်အစည်းအရုံး နှစ်ပတ်လည်ညီလာခံ၌ ရွေးကောက်တင်မြှောက်ရမည်။
၁၄။ ကျေးရွာရပ်ကွက် အစည်းအရုံးအလုပ်အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ၊ ဒု–ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူး (၂)ဦးနှင့်အလုပ်အမှုဆောင်(၂)ဦးမှ (၄)ဦးအထိပါဝင်စေရမည်။
၁၅။ မြို့နယ်တနယ်လျှင် သာမန်အားဖြင့် မြို့နယ်အစည်းအရုံးတခုတည်းသာ ထားရှိစေရ

E-book is created by www.ShanYoMa.org

မည်။ သို့သော် လုပ်ငန်းလွယ်ကူစေရန်အတွက် ခရိုင်အစည်းအရုံး၏ ခွင့်ပြုချက်နှင့်မြို့နယ်အစည်းအရုံးတခုထက် ပိုမိုဖွဲ့စည်းနိုင်သည်။ ခရိုင်အစည်းအရုံး၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဌာနချုပ်သို့ အယူခံနိုင်သည်။

၁၆။ ကျေးရွာရပ်ကွက်အစည်းအရုံးတခုလျှင် အစည်းအရုံးဝင်(၂၀)မှ (၁၀၀)အထိ မြို့နယ်ကိုယ်စားလှယ်(၅)ဦးစေလွှတ်ခွင့်ရှိသည်။ (၁၀၀)ထက် ပိုခဲ့သော် နောက်(၅၀)ပြည့်တိုင်း ကိုယ်စားလှယ်တယောက်ကျ ထပ်မံရွေးကောက်တင်မြှောက်စေလွှတ်ခွင့်ရသည်။

## အခဏ်း။ ၄။
## မြို့နယ်။

၁၇။ မြို့နယ်ညီလာခံသည် မြို့နယ်တောင်သူလယ်သမားအစည်းအရုံး၏ အာဏာပိုင်အဖွဲ့ဖြစ်သည်။

၁၈။ မြို့နယ်အမှုဆောင်အဖွဲ့သည် ညီလာခံတခုနှင့်တခုစပ်ကြား အာဏာပိုင်အဖွဲ့ဖြစ်သည်။

၁၉။ မြို့နယ်အလုပ်အမှုဆောင်သည် မြို့နယ်အမှုဆောင်အဖွဲ့ညီလာခံတခုနှင့်တခုစပ်ကြားအာဏာပိုင်အဖွဲ့ဖြစ်သည်။

၂၀။ မြို့နယ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ ခရိုင်ညီလာခံကိုယ်စားလှယ်များ၊ နှစ်ပတ်လည် ရှမ်းပြည်လုံးဆိုင်ရာ ညီလာခံကိုယ်စားလှယ်များကို မြို့နယ် နှစ်ပတ်လည်မှ ရွေးကောက်တင်မြှောက်ရမည်။

၂၁။ မြို့နယ်ညီလာခံတွင် ကျေးရွာရပ်ကွက်အစည်းအရုံးမှ စေလွှတ်သော ကိုယ်စားလှယ်များ၊ မြို့နယ်အမှုဆောင်များနှင့်မြို့နယ်အလုပ်အမှုဆောင်များသာ မဲဆန္ဒပေးပိုင်ခွင့်ရှိသည်။

၂၂။ မြို့နယ်အမှုဆောင်အဖွဲ့တွင် ကျေးရွာရပ်ကွက်အစည်းအရုံးတခုမှ ကိုယ်စားလှယ်တဦးကျပါဝင်စေရမည်။

၂၃။ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူး(၂)ဦးနှင့်အလုပ်အမှုဆောင်(၂)ဦးမှ (၄)ဦးအထိ ပါဝင်စေရမည်။

၂၄။ မြို့နယ်အစည်းအရုံးတခုလျှင် အစည်းအရုံးဝင် ၅၀၀-မှ ၁၀၀၀-အထိ ခရိုင်ကိုယ်စားလှယ်သည် ၁၀ ဦးစေလွှတ်ခွင့်ရသည်။ ၁၀၀၀-ထက် ပိုမိုခဲ့သော် နောက်ထပ် ၅၀၀ ပြည့်တိုင်း ပြည့်တိုင်း ကိုယ်စားလှယ်ဦးကျ ထပ်မံစေလွှတ်ခွင့်ရှိရမည်။

၂၅။ ရှမ်းပြည်နယ်လုံးဆိုင်ရာ ညီလာခံသို့ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ရာ၌ အစည်းအရုံးဝင် ၅၀၀ ပြည့်၍ ၁၀၀၀ အထိရှိသော် မြို့နယ်များအတွက် ကိုယ်စားလှယ် ၅ ယောက်ကျစေလွှတ်ခွင့်ရသည်။ ၁၀၀၀ ထက်ပိုခဲ့သော် နောက်ထပ် ၁၀၀၀ ပြည့်တိုင်း ကိုယ်စားလှယ် ၅-ယောက်ကျ ထပ်မံရွေးကောက်တင်မြှောက်စေလွှတ်ခွင့်ရသည်။

E-book is created by www.ShanYoMa.org

၂၆။ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့တွင် ထက်ဝက်ထက်မပိုသောပုဂ္ဂိုလ်များကိုတောင်သူလယ်သမား မဟုတ်သော်လည်း တောင်သူလယ်သမား အကျိုးကို လိုလားသူများအား ရွေးကောက်တင်မြှောက်နိုင်သည်။

အခန်း။ ၅။

၂၇။ ခရိုင်ညီလာခံသည် ခရိုင်တောင်သူလယ်သမားအစည်းအရုံး၏ အာဏာပိုင်အဖွဲ့ဖြစ်သည်။
၂၈။ ခရိုင်အမှုဆောင်အဖွဲ့သည် ခရိုင်အမှုဆောင်ညီလာခံတခုနှင့်တခုစပ်ကြား အာဏာပိုင်အဖွဲ့ဖြစ်သည်။
၂၉။ ခရိုင်အလုပ်အမှုဆောင်အဖွဲ့သည် ခရိုင်အမှုဆောင်ညီလာခံတခုနှင့်တခုစပ်ကြား အာဏာပိုင်အဖွဲ့ဖြစ်သည်။
၃၀။ ခရိုင်အမှုဆောင်များနှင့်အလုပ်အမှုဆောင်များကို ခရိုင်ညီလာခံမှ ရွေးကောက်တင်မြှောက်ရမည်။
၃၁။ ခရိုင်ညီလာခံတွင် မြို့နယ်အစည်းအရုံးမှ စေလွှတ်သော ကိုယ်စားလှယ်များနှင့်ခရိုင်အမှုဆောင်များသာ မဲဆန္ဒပေးနိုင်ခွင့်ရှိသည်။
၃၂။ ခရိုင်အမှုဆောင်အဖွဲ့တွင် မြို့နယ်အစည်းအရုံးတခုစီမှ ကိုယ်စားလှယ် ၅–ဦးအထိ ပါဝင်စေရမည်။
၃၃။ ခရိုင်အလုပ်အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ၊ ဒု–ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူးနှစ်ဦးနှင့်အလုပ်အမှုဆောင်နှစ်ဦးမှ ၆–ဦးအထိ ပါဝင်စေရမည်။
၃၄။ ခရိုင်ဥက္ကဋ္ဌနှင့်ခရိုင်အထွေထွေအတွင်းရေးမှူးတို့သည် ရာထူးအလျောက် ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်အဖွဲ့ဝင်များ ဖြစ်စေရမည်။
၃၅။ ခရိုင်အလုပ်အမှုဆောင်အဖွဲ့တွင် ထက်ဝက်ထက်မပိုသော ပုဂ္ဂိုလ်များကို တောင်သူလယ်သမားမဟုတ်သော်လည်း တောင်သူလယ်သမားအကျိုးကို လိုလားသူများအား ရွေးကောက်တင်မြှောက်နိုင်သည်။

အခန်း။ ၆။
ပြည်နယ်လုံးဆိုင်ရာ

၃၆။ ပြည်နယ်လုံးဆိုင်ရာ ညီလာခံသည် ပြည်နယ်လုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီး၏ အာဏာပိုင်အဖွဲ့ဖြစ်သည်။
၃၇။ ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်အဖွဲ့သည် ပြည်နယ်လုံးဆိုင်ရာ ညီလာခံတခုနှင့်တခုစပ်



E-book is created by www.ShanYoMa.org

ကြား အာဏာပိုင်အဖွဲ့ဖြစ်သည်။
၃၈။ ဌာနချုပ်အလုပ်အမှုဆောင်သည် ပြည်နယ်လုံးဆိုင်ရာညီလာခံတခုနှင့်တခုစပ်ကြား အာဏာပိုင်အဖွဲ့ဖြစ်သည်။
၃၉။ ပြည်နယ်လုံးဆိုင်ရာ ဗဟိုအမှုဆောင်များနှင့်ဌာနချုပ်အလုပ်အမှုဆောင်များကို ပြည်နယ်လုံးဆိုင်ရာ ညီလာခံသဘင်မှ ရွေးကောက်တင်မြှောက်ရမည်။
၄၀။ ပြည်နယ်လုံးဆိုင်ရာ ညီလာခံတွင် မြို့နယ်အစည်းအရုံးမှ စေလွှတ်သော ကိုယ်စားလှယ်များ၊ ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်များနှင့်ဌာနချုပ်အလုပ်အမှုဆောင်များက မဲဆန္ဒပေးပိုင်ခွင့်ရှိသည်။
၄၁။ ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်များကို ရွေးကောက်တင်မြှောက်ရာ၌ အစည်းအရုံးဝင် ၅၀၀ ဦးပြည့်မီ၍ ၁၀၀၀–အထိရှိသော မြို့နယ်များအတွက် မြို့နယ်တခုလျှင် အမှုဆောင် ၂–ယောက်ထက် မများစေရ။ အစည်းအရုံးဝင် တယောက်ထက်ပိုခဲ့သော် ထိုအစည်းအရုံးဝင် ၁၀၀၀ ပြည့်လျှင် ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်တယောက်တိုးတက်ရွေးကောက်တင်မြှောက်သွားခွင့်ရှိသည်။
၄၂။ ဌာနချုပ်ဥက္ကဋ္ဌမှစ၍ ဌာနချုပ်အလုပ်အမှုဆောင်ရွေးကောက်တင်မြှောက်ရာ၌ တောင်သူလယ်သမားများ၏ အကျိုးကို လိုလားသူ မည်သူကိုမဆို ရွေးကောက်တင်မြှောက်နိုင်သည်။
၄၃။ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့သည် ဥက္ကဋ္ဌ၊ ဒု–ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူး(၂)ဦးနှင့်ဌာနချုပ်အလုပ်အမှုဆောင် ၉–ဦးအထိ ပါဝင်စေရမည်။

## အခန်း။ ၇။
## ညီလာခံများနှင့်အစည်းအဝေးများ ကျင်းပခြင်း။

၄၄။ ကျေးရွာရပ်ကွက်အစည်းအရုံးဥက္ကဋ္ဌသည် ကျေးရွာရပ်ကွက်ညီလာခံများတွင်၎င်း၊ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။
၄၅။ မြို့နယ်ဥက္ကဋ္ဌသည် မြို့နယ်ညီလာခံများတွင်၎င်း မြို့နယ်အမှုဆောင်နှင့်မြို့နယ်အလုပ်အမှုဆောင်အစည်းအဝေးများတွင်၎င်း၊ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။
၄၆။ ခရိုင်ဥက္ကဋ္ဌသည် ခရိုင်ညီလာခံတွင်၎င်း၊ ခရိုင်အမှုဆောင်နှင့်ခရိုင်အလုပ်အမှုဆောင် အစည်းအဝေးများတွင်၎င်း၊ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။
၄၇။ ဌာနချုပ်ဥက္ကဋ္ဌသည် ပြည်နယ်လုံးဆိုင်ရာ ညီလာခံသဘင်တွင်၎င်း၊ ပြည်နယ်လုံးဆိုင်ရာအမှုဆောင်ညီလာခံတွင်၎င်း၊ ဌာနချုပ်အလုပ်အမှုဆောင်အစည်းအဝေးတွင်၎င်း၊ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။
၄၈။ ကျေးရွာရပ်ကွက်၊ မြို့နယ်နှင့်ခရိုင်အမှုဆောင်အဖွဲ့ ရွေးကောက်ပွဲများကို နှစ်စဉ်တပေါင်း

E-book is created by www.ShanYoMa.org

လအတွင်းထက် နောက်မကျစေဘဲ ပြီးပြတ်အောင် ကျင်းပရမည်။
၄၉။ ပြည်နယ်လုံးဆိုင်ရာ တောင်သူလယ်သမားညီလာခံနှင့်ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်အစည်းအဝေးကို နှစ်စဉ်တပေါင်းလအတွင်းထက် နောက်မကျစေဘဲ ကျင်းပ၍ ဌာနချုပ်ဥက္ကဋ္ဌမှ စ၍ အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ရမည်။
၅၀။ ခရိုင်နှင့်မြို့နယ်အမှုဆောင်အစည်းအဝေးများကို ရက်ပေါင်း ၉၀ လျှင် တကြိမ်ကျ ကျင်းပရမည်။ အစည်းအဝေးကျင်းပမည့်ရက်ကို သက်ဆိုင်ရာဥက္ကဋ္ဌက သတ်မှတ်ရမည်။
၅၁။ ကျေးရွာရပ်ကွက် အစည်းအဝေးတွင်သော်၎င်း၊ ကျေးရွာရပ်ကွက်အလုပ်အမှုဆောင်အစည်းအဝေးတွင်သော်၎င်း၊ အဖွဲ့ဝင် ၃–ပုံ ၁–ပုံ အစည်းအဝေးတက်ရောက်လျှင် အစည်းအဝေး အထမြောက်စေရမည်။
၅၂။ မြို့နယ်ခရိုင်အမှုဆောင်အစည်းအဝေးတွင်သော်၎င်း၊ အလုပ်အမှုဆောင်အစည်းအဝေးတွင်သော်၎င်း သက်ဆိုင်ရာ အဖွဲ့ဝင် ၄ ပုံ ၁ ပုံ အစည်းအဝေးတက်ရောက်လျှင် အစည်းအဝေး အထမြောက်စေရမည်။
၅၃။ ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်နှင့်ဌာနချုပ်အလုပ်အမှုဆောင်အစည်းအဝေးများတွင် သက်ဆိုင်ရာအဖွဲ့ဝင် ၃ ပုံ ၁ ပုံ အစည်းအဝေးတက်ရောက်လျှင် အစည်းအဝေး အထမြောက်စေရမည်။

E-book is created by www.ShanYoMa.org

## အခန်း။ ဂ။
## အထူးအစည်းအဝေးကျင်းပရန် တောင်းဆိုနိုင်ခွင့်နှင့် လိုက်နာရန် စည်းမျဉ်းများ။

၅၄။ ကျေးရွာ သို့မဟုတ် ရပ်ကွက်အစည်းအရုံးဝင် ၃ ပုံ ၁ ပုံကသော်၎င်း၊ မြို့နယ်ခရိုင်နှင့်ပြည်နယ်လုံးဆိုင်ရာအမှုဆောင်၊ သို့မဟုတ် ဌာနချုပ်အလုပ်အမှုဆောင် ၃ ပုံ ၁ ပုံကသော်၎င်း၊ စာနှင့်ရေးသားလက်မှတ်ထိုး၍ သက်ဆိုင်ရာ ဥက္ကဋ္ဌထံ အစည်းအဝေးပြုလုပ်ကျင်းပပေးစေရန် တောင်းဆိုနိုင်သည်။
၅၅။ ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်အဖွဲ့ဝင် ၃ ပုံ ၁ ပုံတို့၏ တောင်းဆိုချက်ဖြင့်သော်၎င်း၊ ဌာနချုပ်အလုပ်အမှုဆောင်၏ ဆုံးဖြတ်ချက်ဖြင့်သော်၎င်း၊ ဌာနချုပ်ဥက္ကဋ္ဌသည် နိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအထူးညီလာခံကို ကျင်းပပေးရမည်။
၅၆။ ကျေးရွာ သို့မဟုတ် ရပ်ကွက်အစည်းအရုံးဥက္ကဋ္ဌသည် အထူးအစည်းအဝေးကျင်းပရန် အကြောင်းကြားစာကို ရရှိပြီး ၇–ရက်အတွင်း အစည်းအဝေးကျင်းပပေးရမည်။
၅၇။ မြို့နယ် သို့မဟုတ် ခရိုင်အစည်းအရုံးဥက္ကဋ္ဌသည် အထူးအစည်းအဝေးကျင်းပရန် အကြောင်းကြားစာကိုရရှိပြီး ၁၅–ရက်ထက် မပိုသောအချိန်အတွင်း အစည်းအဝေးကျင်းပပေးရ

မည်။

၅၇။ ဌာနချုပ်ဥက္ကဋ္ဌသည် နိုင်ငံလုံးဆိုင်ရာ အထူးအစည်းအဝေး သို့မဟုတ် အထူးညီလာခံ ကျင်းပရန် အကြောင်းကြားစာ ရရှိပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံလုံးဆိုင်ရာ အမှုဆောင်အစည်းအဝေး သို့မဟုတ် နိုင်ငံလုံးဆိုင်ရာ အထူးညီလာခံကိုကျင်းပပေးရမည်။

## အခဏ်း။ ၉။
## အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းနှင့်နှုတ်ထွက်ခြင်း။

၅၉။ ကျေးရွာနှင့်ရပ်ကွက် တောင်သူလယ်သမားအစည်းအရုံးဥက္ကဋ္ဌနှင့်အမှုဆောင်တဦးဦးကို သော်၎င်း၊ တဖွဲ့လုံးကိုသော်၎င်း၊ သက်ဆိုင်ရာ တောင်သူလယ်သမားအစည်းအဝေးမှ အယုံအကြည်မရှိ အဆိုတင်သွင်းဆုံးဖြတ်လျှင် သက်ဆိုင်ရာပုဂ္ဂိုလ်များသည် နှုတ်ထွက်ကြရမည်။ သို့မဟုတ် အလိုအလျောက် ဥက္ကဋ္ဌ သို့မဟုတ် အမှုဆောင်အဖြစ်မှ ရပ်စဲရမည်။

၆၀။ မြို့နယ် သို့မဟုတ် ခရိုင်ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များကို သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင်အစည်းအဝေးများမှ အယုံအကြည်မရှိအဆိုတင်သွင်းဆုံးဖြတ်လဆင် သက်ဆိုင်ရာပုဂ္ဂိုလ်များသည် နှုတ်ထွက်ကြရမည်။ (ဝါ) အလုပ်အမှုဆောင်အဖွဲ့မှ ရပ်စဲရမည်။

၆၁။ ဌာနချုပ်ဥက္ကဋ္ဌ သို့မဟုတ် အလုပ်အမှုဆောင်တဦးဦးကိုဖြစ်စေ၊ တဖွဲ့လုံးကိုဖြစ်စေ၊ ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်အစည်းအဝေးက အယုံအကြည်မရှိ အဆိုကို တင်သွင်းဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ သို့မဟုတ် ဆုံးဖြတ်လျှင် သက်ဆိုင်ရာဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်သည် ဥက္ကဋ္ဌနှင့် အမှုဆောင်များအဖြစ်မှ ရပ်စဲစေရမည်။

၆၂။ ဥက္ကဋ္ဌ သို့မဟုတ် အမှုဆောင်တဦးဦးသည် မိမိ၏ရာထူးမှ နှုတ်ထွက်လိုသော် ၎င်းအားရွေးကောက်တင်မြှောက်သည့်အာဏာပိုင်အဖွဲ့သို့ နှုတ်ထွက်လွှာ တင်သွင်းရမည်။

၆၃။ ကျေးရွာရပ်ကွက်၊ မြို့နယ်ခရိုင်၊ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့တွင် နေရာလစ်လပ်ခဲ့သော် လစ်လပ်သည့်နေရာကို ဖြည့်စွက်ရန် ရွေးကောက်တင်မြှောက်နိုင်မည့်အာဏာပိုင်အစည်းအဝေး မကျင်းပနိုင်မီအချိန်အတွင်း သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က လစ်လပ်သည့်နေရာတွင် ပုဂ္ဂိုလ်စားယာယီခန့်ထားနိုင်ခွင့်ရှိသည်။

## အခဏ်း။ ၁၀။
## အပြစ်ပေးခြင်းနှင့်ခန့်ထားခြင်း။

၆၄။ အစည်းအရုံးဝင် သို့မဟုတ် တာဝန်ခံတစုံတယောက်သည် အစည်းအရုံး၏တည်တန့်ခိုင်မြဲမှုကို အန္တရာယ်ပြုလျှင်၎င်း၊ အစည်းအဝေးစည်းမျဉ်းဥပဒေနှင့်ဌာနချုပ်ညွှန်ကြားချက်များကို

E-book is created by www.ShanYoMa.org

မလိုက်နာလျှင်ငင်း၊ သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က စစ်ဆေးခြင်းပြု၍ အပြစ်ရှိသည်ဟု ဆုံးဖြတ်လျှင် အစည်းအရုံးတာဝန်ခံအဖြစ်မှသော်ငင်း၊ ခေတ္တရပ်ဆိုင်းခြင်း ပြုလုပ်နိုင်သည်။

၆၅။ အထက်ပါပုဒ်မအရ အရေးယူခြင်းခံရသောပုဂ္ဂိုလ်၏နေရာတွင် လူစားဖြည့်၍ အသစ်ရွေးကောက်တင်မြှောက်စေရန် ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့က ညွှန်ကြားနိုင်သည်။

၆၆။ အထက်ပါပုဒ်မအရ အရေးယူအပြစ်ပေးခြင်းခံရသူသည် ပြည်နယ်လုံးဆိုင်ရာအမှုဆောင်ညီလာခံ၌ အယူခံနိုင်သည်။ ပြည်နယ်လုံးဆိုင်ရာ အမှုဆောင်ညီလာခံ၏ဆုံးဖြတ်ချက်မှာ အပြီးသတ်ဖြစ်စေရမည်။

## အခဏ်း။ ၁၁။

၆၇။ ဤစည်းမျဉ်းကို ပြည်နယ်လုံးဆိုင်ရာ ညီလာခံသဘင်ကသော်ငင်း ပြည်နယ်လုံးဆိုင်ရာအမှုဆောင်ညီလာခံသဘင်ကသော်ငင်း ပြင်ဆင်ဖြည့်စွက် ရုပ်သိမ်းနိုင်ခွင့်ရှိသည်။

၆၈။ ဌာနချုပ်အလုပ်အမှုဆောင်က ဤစည်းမျဉ်းအရ လိုအပ်သည့်နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

E-book is created by www.ShanYoMa.org

E-book is created by www.ShanYoMa.org

ဒို့တာဝန်ပုံနှိပ်တိုက်–အမှတ်–၃၂–သင်္ဂဟလမ်း။
ကျောက်မြောင်း–ရန်ကုန်မြို့။